# SKY SOCCER Sports JOURNAL

VOLUME - 6 NO -25 DECEMBER 12

EVERY TUESDAY


# မန်ယူရဲ့ အိမ်ကွင်း စံချိန်ကောင်းကို မန်စီးတီး ချိုးဖျက်နိုင် မလား



GRAPHIC DESIGN MYINTTHURA 2016

ဆုငွေကျပ် (၂)သိန်း ချီးမြှင့်မည့် ခန့်မှန်းပြိုင်ပွဲ


မြတ်မင်းနိုင်ရဲ့ အကောင်းဆုံးပွဲများ » P-A

တစ်ပါးမန်းရဲ့ အပေါ်ကြေးကြိုက်အောက်ကြေးကြိုက်ပွဲများ » P-B

မင်းရှိန်ရဲ့ အာရှမှင့်လှစ်မှုအလွဲများ » P-2,3

စနေနှင့်တနင်္ဂနွေ အကောင်းဆုံးပွဲများ » P-B

ဂိုးပေါင်းအပေါ်ရွေးခြယ်ခြင်း ထိပ်သီးအသင်းများရွေးခြယ်ခြင်း » P-21

စနေ၊ တနင်္ဂနွေ အတေဆုံးပွဲနဲ့ ဂိုးပေါင်းပွဲ » P-20

# တနင်္ဂနွေအစောဆုံးပွဲရွေးချယ်မှု

တူးဇက်




**ဆိုစီဒက် - မာလာဂါ**

၁၀-၁၂-၁၇(တနင်္ဂနွေနေ့ - ၅း၃၀ နာရီ)

| | |
|---|---|
| အာရှဈေးကွက်ဖွင့်လှစ်မှု | (ဆိုစီဒက် ၁-၁၅) |

ဆိုစီဒက်က လက်ရှိမှာ အိမ်ကွင်းခြေစွမ်းပိုင်း မာပေမယ့် ခံစစ်စွမ်းဆောင်ရည် အနည်းငယ်ကျဆင်း နေတယ်လို့ သတ်မှတ်နိုင်ပါတယ်။ သူတို့ဟာ ပွဲစဉ် ၁၄ ပွဲအပြီးမှာ အဆင့် ၉ နေရာကို ရောက်နေတဲ့ အသင်းလည်းဖြစ်ပါတယ်။ အိမ်ကွင်းပွဲစဉ်တွေအတွင်း သွင်းဂိုး ၁၆ ဂိုး ရရှိထားပြီး ကစားကွက်က ၁၁ ဂိုး၊ တည်ကန်ဘောတွေကနေ ၅ ဂိုးအထိ ရရှိခဲ့တာဖြစ်ပါတယ်။ အိမ်ကွင်းပေးဂိုးကတော့ ၁၄ ဂိုးရှိနေပြီး ကစားကွက်က ၁၁ ဂိုး၊ တည်ကန်ဘော၊ တန်ပြန်တိုက်စစ်နဲ့ ကိုယ့်ဂိုးကိုယ်သွင်းယူမှုတွေကနေ တစ်ဂိုးစီပေး ထားရပါတယ်။

မာလာဂါကတော့ ပွဲစဉ် ၁၄ ပွဲအပြီးမှာ အဆင့် ၂၀ နေရာကိုရောက်နေတဲ့ အသင်းပါ။ မာလာဂါဟာ အဝေးကွင်းပွဲတွေမှာ စုစုပေါင်း ၂ ဂိုးသာ သွင်းယူနိုင်ခဲ့ပြီး အဲဒီ ၂ ဂိုးစလုံးကို ကစားကွက်ကပဲ သွင်းယူခဲ့တာပါ။ အဝေးကွင်းပေးဂိုးကတော့ ၁၆ ဂိုးရှိနေပြီး ကစားကွက်က ၁၂ ဂိုး၊ တည်ကန်ဘောက ၃ ဂိုးနဲ့ ပင်နယ်တီတစ်ဂိုး ပေးထားရပါတယ်။

ဆိုစီဒက်က အိမ်ကွင်းမာကျောပေမယ့် နောက်ပိုင်းကစားခဲ့တဲ့ ပွဲစဉ် ၃ ပွဲဆက်တိုက် အနိမ့်ဆုံး ၂ ဂိုး ရှုံးပေးထားရပါတယ်။ မာလာဂါကတော့ တန်းဆင်းဇုန်ကလွတ်မြောက်ဖို့ အားစိုက်ရုန်းနေတာကြောင့် နောက်ပိုင်းမှာ တိုက်စစ်ပိုင်းကပါ အလုပ်ဖြစ်လာတာကို တွေ့နေရပါတယ်။ ဆိုစီဒက်တို့ မာလာဂါ ကို ဂိုး ပြတ်နိုင်ဖို့ မရှိလောက်တာကြောင့် **မာလာဂါ**ကိုပဲ ရွေးချယ်သင့်ပါတယ်။

# တနင်္ဂနွေအကြိုက်ဆုံးဂိုးပေါင်းပွဲ

MZ




**အေစီမီလန် - ဘိုလော့ဂ်နာ**

၁၀-၁၂-၁၇ (တနင်္ဂနွေ - ၂း၁၅ နာရီ)

| | |
|---|---|
| အာရှဈေးကွက်ဖွင့်လှစ်မှု | (၂-၈၅) |

အေစီမီလန်ဟာ ပွဲဆက်တွေ များလာတာနဲ့အမျှ ခြေစွမ်းပိုင်းက တည်ငြိမ်မှုကျဆင်းလာခဲ့ပြီး ရလဒ်တွေလည်း ဆိုးရွားလာခဲ့ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ၄ ပွဲမှာ တစ်ပွဲသာ အနိုင်ရထားတဲ့ အေစီမီလန်ဟာ နည်းပြသစ် ဂတ်တူဆိုလက်ထက်မှာလည်း သရေပွဲတွေသာ ကြုံထားပါတယ်။ အေစီမီလန်ဟာ တိုက်စစ်က ၂၁ ဂိုးအထိ သွင်းနိုင်ခဲ့ပေမယ့် ဂိုး ၂၀ အထိ ပြန်ပေးထားရပါတယ်။ အိမ်ကွင်းနောက်ဆုံး ၆ ပွဲမှာ တစ်ပွဲသာ ဂိုးသွင်းနိုင်ခဲ့တဲ့ တိုက်စစ်ပိုင်းအရ အားနည်းတွေများနေတယ်လို့ သတ်မှတ်ရမှာပါ။

ဘိုလော့ဂ်နာကတော့ နောက်ပိုင်းပွဲတွေမှာ ခြေစွမ်းပြန်တက်နေပြီး အဆင့် ၉ နေရာအထိ ရောက်ရှိနေပါတယ်။ ဘိုလော့ဂ်နာဟာ နောက်ဆုံးကစားခဲ့တဲ့ ၆ ပွဲမှာ ၅ ပွဲအထိ ဂိုးသွင်းနိုင်ခဲ့ပေမယ့် နောက်ဆုံး ၈ ပွဲမှာ ၇ ပွဲအထိ ဂိုးပြန်ပေးထားရပါတယ်။ အဝေးကွင်း နောက်ဆုံး ၃ ပွဲဆက်လည်း ဂိုးပေးထားရပါတယ်။

အေစီမီလန်နဲ့ ဘိုလော့ဂ်နာတို့ နောက်ဆုံးတွေ့ခဲ့တဲ့ ၅ ကြိမ်မှာ တစ်ကြိမ်သာ ဂိုးပေါ်ထားလို့ သတိပြုရမယ့် အချက်ပါ။ ဒါ့အပြင် အေစီမီလန်ကွင်းမှာတွေ့တဲ့ နောက်ဆုံး ၇ ကြိမ်မှာလည်း ဂိုးပေါ်ပွဲက ၂ ကြိမ်သာ ထွက်ပေါ်ထားပါတယ်။ ဒါပေမဲ့ ၂ သင်းစလုံးရဲ့ လက်ရှိအနေအထားအရ အေစီမီလန်ဟာ ဖိအားတွေနဲ့ ရင်ဆိုင်နေရတာကြောင့် ဒီပွဲကို မဖြစ်မနေအနိုင်ကစားဖို့ လိုအပ်နေပါတယ်။ ဒါကြောင့် အေစီမီလန်ရဲ့ သွင်းဂိုးကို စိတ်ပူစရာမရှိပါဘူး။ ၂ သင်းပေါင်းသွင်းဂိုး ၃ ဂိုး သေချာပေါက်ထွက်လာပါလိမ့်မယ်။

Vol.6, No.25, 12 December 2017

# ဂိုး ပေါင်း အ ပေါ် ရွေး ချယ် ခြင်း ( ၁၉ )

သာထက်ကျော်

| ပြီးခဲ့သည့်အပတ်ရွေးချယ်မှု၏ မှန်/မှားအနေအထား | |
|---|---|
| အဲဗာတန် ၂ – ၀ ဟက်ဒါဖီးလ် | မှား |
| ဆီဗီလာ ၂ – ၀ ဒီပို့တီဗို | မှား |
| လေဗာကူဆင် ၁ – ၁ ဒေါ့မွန် | မှား |







### ဂျူဗင်တပ် - အင်တာမီလန်

အဆင့် ၃ နေရာရောက်ရှိနေတဲ့ ဂျူဗင်တပ်ဟာ လက်ရှိမှာတော့ ခံစစ်ပိုင်းက မာကျောနေပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ၄ ပွဲဆက် ဂိုးမပေးထားရသလို တိုက်စစ်ကလည်း ကောင်းမွန်နေပါတယ်။ ပွဲစဉ် ၁၅ ပွဲကစားအပြီးမှာ ၄၁ ဂိုးအထိ သွင်းယူနိုင်တဲ့ တိုက်စစ်ပိုင်းက ဂိုးရဖို့ စိတ်ပူစရာမရှိပါဘူး။

အမှတ်ပေးဇယားကို ဦးဆောင်နေတဲ့ အင်တာမီလန်က ခံစစ်ပိုင်းမှာ အမှားတွေရှိနေပေမယ့် တိုက်စစ်ပိုင်းက ထက်မြက်မှုရှိပါတယ်။ နောက်ဆုံး ၆ ပွဲဆက်တိုက် ဂိုးသွင်းယူနိုင်ခဲ့သလို အဝေးကွင်းနောက်ဆုံး ၇ ပွဲမှာလည်း ၆ ပွဲအထိ ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ အင်တာမီလန်ဟာ အဝေးကွင်းနောက်ဆုံး ၅ ပွဲမှာ ၄ ပွဲအထိ ဂိုးပြန်ပေးထားရပါတယ်။

အမှတ်ပေးဇယားထိပ်ပြန်ရောက်ဖို့ ဂျူဗင်တပ်အတွက် နိုင်ပွဲလိုနေတာကြောင့် အားကုန်ထုတ်လာမှာပါ။ အင်တာမီလန်ကလည်း ရလဒ်ကောင်းဖို့ ပြင်ဆင်လာပါလိမ့်မယ်။ ဂျူဗင်တပ်ကွင်းနောက်ဆုံး ၄ ကြိမ်မှာ တစ်ကြိမ်သာ ဂိုးပေါ်ပြစ်ခဲ့ပေမယ့် လက်ရှိခြေစွမ်းအရ ဒီတစ်ကြိမ်က ဂိုးပေါ်ပွဲဖြစ်လာပါလိမ့်မယ်။

### ရီးရဲလ်မက်ဒရစ် - ဆီဗီလာ

ရီးရဲလ်မက်ဒရစ်ဟာ ဒီရာသီမှာ ခြေစွမ်းပိုင်းက တည်ငြိမ်မှုမရှိသေးပါဘူး။ တိုက်စစ်က ထက်မြက်မှုရှိနေပေမယ့် ခံစစ်က အားနည်းချက်တွေများနေပြီး တိုက်စစ်ဂိုးသွင်းယူသလောက် ခံစစ်က ဂိုးပြန်ပေးနေရပါတယ်။ ဒါပေမဲ့ ရီးရဲလ်မက်ဒရစ်ဟာ အိမ်ကွင်းမှာ နောက်ဆုံး ၇ ပွဲဆက် ဂိုးသွင်းယူနိုင်ခဲ့သလို တစ်ပွဲပျမ်းမျှ ၂ ဂိုးနှုန်း သွင်းယူနိုင်ခဲ့ပါတယ်။

ဆီဗီလာကလည်း ဒီရာသီမှာ ခြေစွမ်းပိုင်းကောင်းမွန်လာတဲ့ အသင်းပါ။ အထူးသဖြင့် တိုက်စစ်ပိုင်းက ပွဲတိုင်းနီးပါး ဂိုးသွင်းနိုင်ခြင်းဖြစ်ပါတယ်။ ဆီဗီလာဟာ အဝေးကွင်းနောက်ဆုံး ၆ ပွဲမှာလည်း ၅ ပွဲအထိ ဂိုးသွင်းယူနိုင်ခဲ့ပေမယ့် အဝေးကွင်းနောက်ဆုံး ၈ ပွဲမှာတော့ ၇ ပွဲအထိ ဂိုးပေးထားရပါတယ်။

ဒီ ၂ သင်းဟာ နောက်ဆုံးတွေ့ဆုံတဲ့ ၉ ကြိမ်စလုံး ဂိုးအပေါ်ပွဲတွေသာ ထွက်ပေါ်ထားပြီး ရီးရဲလ်မက်ဒရစ်ကွင်းမှာတွေ့ခဲ့တဲ့ နောက်ဆုံး ၇ ကြိမ်မှာလည်း ဂိုးပေါ်ပွဲတွေသာ ထွက်ပေါ်ထားပါတယ်။ ၂ သင်းစလုံးရဲ့ ခံစစ်အားနည်းမှုတွေကြောင့် ဂိုးအပေါ်ပွဲသာ ထွက်ပေါ်လာပါလိမ့်မယ်။

### ဟမ်းဘတ် - ဝုဖ်ဘတ်

ဝုဖ်ဘတ်ဟာ တန်းဆင်းဇုန်ထဲမရောက်ရေး ကြိုးစားနေရတဲ့ အသင်းဖြစ်သလို အဝေးကွင်းခြေစွမ်းကလည်း အားနည်းနေပါတယ်။ ဝုဖ်ဘတ်ဟာ အဝေးကွင်းမှာ ခံစစ်ပိုင်းက အမှားများနေပေမယ့် တိုက်စစ်ကတော့ ကောင်းမွန်ပါတယ်။ အဝေးကွင်းနောက်ဆုံး ၅ ပွဲဆက်တိုက် ဂိုးပေးထားရပေမယ့် နောက်ဆုံး ၇ ပွဲမှာတော့ ၆ ပွဲ ဂိုးသွင်းနိုင်ခဲ့ပါတယ်။

ဟမ်းဘတ်ကလည်း တန်းဆင်းဇုန်အန္တရာယ်နဲ့ ရင်ဆိုင်နေရလို့ ပွဲတိုင်းကို အားကုန်ထုတ်ကစားနေပါတယ်။ ဒါပေမဲ့ ဟမ်းဘတ်ဟာ တိုက်စစ်ပိုင်းက အားနည်းချက်တွေရှိနေတာကို သတိပြုရမှာပါ။ ပွဲစဉ် ၁၄ ပွဲပြီးချိန် ၁၃ ဂိုးသာ သွင်းယူနိုင်တဲ့ တိုက်စစ်ပိုင်းကတော့ အားရစရာမဟုတ်ပေမယ့် အိမ်ကွင်းနောက်ဆုံး ၃ ပွဲမှာ တစ်ပွဲပျမ်းမျှ ၃ ဂိုးသွင်းယူနိုင်တာတော့ ချီးကျူးစရာပါ။

ဒီ ၂ သင်းတွေ့ဆုံမှုအစဉ်အလာမှာ ဂိုးအောက်တွေသာ အများဆုံးထွက်ပေါ်ထားပေမယ့် လက်ရှိခြေစွမ်းပိုင်းအရ ဂိုးအပြန်အလှန်သွင်းကြမှာ သေချာပါတယ်။ ဟမ်းဘတ်တို့ သွင်းဂိုးရမယ်လို့ ယုံကြည်မိလို့ ဂိုးပေါ်ကို ကြိုက်ပါတယ်။

# ထိပ် သီး အ သင်း ကြီး များ ရွေး ချယ် ခြင်း

မိုးသွန်ထက်

### စပါးစ် - စတုတ်စီးတီး

ချန်ပီယံလိဂ်မှာ အေပိုးလ် ဂိုးပြတ်အနိုင်ကစားနိုင်ခဲ့ပေမယ့် စပါးစ်တို့ ပရီးမီးယားလိဂ်မှာ ရလဒ်ကောင်းဖို့ လိုအပ်နေပါတယ်။ ပရီးမီးယားလိဂ်မှာ နောက်ဆုံး ၄ ပွဲဆက် နိုင်ပွဲပျောက်ထားတဲ့ စပါးစ်ဟာ အိမ်ကွင်းကစားပုံက မာကျောသလို တိုက်စစ်ပိုင်းကလည်း ထက်မြက်မှုရှိနေပါတယ်။

စတုတ်စီးတီးဟာ ပြီးခဲ့တဲ့အပတ်က ဆွမ်ဆီးကို အိမ်ကွင်းမှာ အနိုင်ရအောင် ကစားနိုင်ခဲ့ပေမယ့် အဝေးကွင်းခြေစွမ်းက သာမန်အဆင့်တောင် မရှိပါဘူး။ အဆင့်တူအသင်းတွေကိုတောင် ယှဉ်ကစားနိုင်ခြင်းမရှိတဲ့ စတုတ်စီးတီးဟာ ခံစစ်ကလည်း တော်တော်လေးကို ဆိုးရွားနေပါတယ်။

စပါးစ်ဟာ ပရီးမီးယားလိဂ်မှာ နိုင်ပွဲလိုအပ်နေတာကြောင့် အားကုန်ထုတ်လာမှာပါ။ ဒါကြောင့် စပါးစ်ရဲ့အနိုင်က သေချာနေပြီး ဘယ်လောက်ဂိုးသွင်းနိုင်မလဲဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

### ချီယေဗို - ရိုးမား

ဒီရာသီမှာတော့ ရိုးမားရဲ့ကစားအားက ကောင်းမွန်နေပြီး ပွဲဆက်တွေများနေပေမယ့် အသင်းလိုက်ကစားအားက တည်ငြိမ်နေပါတယ်။ ခံစစ်ပိုင်းက အားနည်းချက်တွေရှိနေပေမယ့် တိုက်စစ်ပိုင်းက ပွဲတိုင်းနီးပါး ဂိုးသွင်းနိုင်ခဲ့ပါတယ်။ အဝေးကွင်းမှာလည်း ရိုးမားရဲ့တိုက်စစ်ပိုင်းက ထက်မြက်မှုရှိပါတယ်။

ချီယေဗိုကတော့ ခြေစွမ်းမတည်ငြိမ်သလို နောက်ဆုံးကစားခဲ့တဲ့ ၇ ပွဲမှာလည်း တစ်ပွဲသာ အနိုင်ရထားတဲ့အထိ ခြေစွမ်းပိုင်းက ကျဆင်းနေပါတယ်။ အိမ်ကွင်းနောက်ဆုံး ၄ ပွဲမှာလည်း တစ်ပွဲသာ အနိုင်ရထားပြီး အိမ်ကွင်းနောက်ဆုံး ၈ ပွဲမှာ ၇ ပွဲ ဂိုးပေးထားရပါတယ်။

ချီယေဗိုဟာ ရိုးမားနဲ့တွေ့တိုင်း ရှုံးကန်ရလေ့ရှိပါတယ်။ ဒါ့အပြင် ရိုးမားဟာ ချီယေဗိုကွင်းမှာလည်း တစ်ကြိမ်သာ ရှုံးဖူးပါတယ်။ ခြေစွမ်းကွာဟချက်ကြီးမားလို့ ရိုးမားကိုပဲ ရွေးချယ်ထားသင့်ပါတယ်။



| ပြီးခဲ့သည့်အပတ်ရွေးချယ်မှု၏ မှန်/မှားအနေအထား | | |
|---|---|---|
| ချဲလ်ဆီး ၃ – ၁ နယူးကာဆယ် | ချဲလ်ဆီး | မှန် |
| အင်တာမီလန် ၅ – ၀ ချီယေဗို | အင်တာမီလန် | မှန် |
| တီကို ၂ – ၁ ဆိုစီဒက် | တီကို | သရေ |
| ဘိုင်ယန်မြူးနစ် ၃ – ၁ ဟန်နိုဗာ | ဘိုင်ယန်မြူးနစ် | မှန် |

### ဗလင်စီယာ - ဆယ်လ်တာဗီဂို

အသင်းကြီးတွေနဲ့ ၂ ပတ်ဆက် ကစားရတဲ့ ဆယ်လ်တာဗီဂိုဟာ အဝေးကွင်းခြေစွမ်းပိုင်းက သာမန်အဆင့်သာ ရှိပါတယ်။ ဘာစီလိုနာကို သရေကစားနိုင်ခဲ့ပေမယ့် မာလာဂါလိုအသင်းကို ရှုံးခဲ့တာကတော့ ဆယ်လ်တာဗီဂိုတို့ အားနည်းချက်ကို သိသာစေပါတယ်။

ဗလင်စီယာက ဘာစီလိုနာကို ဖိအားပေးနိုင်ဖို့ အိမ်ကွင်းပွဲတွေမှာ ရလဒ်ကောင်းအောင် ကစားနေပါတယ်။ အိမ်ကွင်းခြေစွမ်းပိုင်းကလည်း မာကျောသလို တိုက်စစ်ကလည်း ထက်မြက်မှုရှိနေတာကြောင့် ဆယ်လ်တာဗီဂိုကို အသာစီးနဲ့ ကစားနိုင်မှာ သေချာပါတယ်။

ဗလင်စီယာဟာ နောက်ဆုံး ၅ ကြိမ်မှာ ဆယ်လ်တာဗီဂိုကို အသာမရခဲ့သလို အိမ်ကွင်းနောက်ဆုံး ၄ ကြိမ်မှာလည်း တစ်ကြိမ်သာ အနိုင်ရထားပါတယ်။ ဒါပေမဲ့ လက်ရှိကစားအားအရ ဗလင်စီယာရဲ့အနိုင်က ပြတ်သားသွားပါလိမ့်မယ်။

### မိုချင်ဂလက်ဘတ် - ရှော်လ်ကေး

အဆင့် ၄ နေရာရပ်တည်နေတဲ့ မိုချင်ဂလက်ဘတ်ဟာ ခြေစွမ်းပိုင်းပြန်ကျနေတယ်လို့ သတ်မှတ်ထားရမှာပါ။ အိမ်ကွင်းမှာ ကစားအားကောင်းပေမယ့် ခံစစ်ကတော့ အမှားများနေပါတယ်။ တိုက်စစ်က အိမ်ကွင်းမှာ ဂိုးသွင်းနိုင်စွမ်းရှိသလို ခံစစ်ကလည်း ဂိုးတွေပြန်ပေးထားရပါတယ်။

ဒီရာသီမှာ ရှော်လ်ကေးရဲ့ကစားအားက တော်တော်လေးကို မာကျောကောင်းမွန်နေပါတယ်။ အိမ်ကွင်းသာမက အဝေးကွင်းမှာလည်း ရှော်လ်ကေးရဲ့ခံစစ်က ကောင်းမွန်သလို တိုက်စစ်ကလည်း ထက်မြက်မှုရှိပါတယ်။

ဒီပွဲဟာ ၂ သင်းစလုံးအတွက် အဆင့်တက်ရေး အရေးပါနေတဲ့ ပွဲဖြစ်လို့ အားကုန်ထုတ်ကြမှာပါ။ မိုချင်ဂလက်ဘတ်ကွင်းမှာ ရှော်လ်ကေးတို့ ရှုံးကန်ရလေ့ရှိပေမယ့် ဒီတစ်ကြိမ်တော့ အနိမ့်ဆုံး သရေရလဒ်ရအောင် ကစားသွားပါလိမ့်မယ်။

## Saturday အချိန်အလိုက် အကောင်းဆုံးပွဲများ ရွေးချယ်မှု Sunday

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ည ၆း၃၀ နာရီ | ဂီတာဖေး | - | အိဘာ | ဂီတာဖေး* | ည ၆း၃၀ နာရီ | ဆောက်သမ်တန် | - | အာဆင်နယ် | ဆောက်သမ်တန်** |
| ည ၉း၀၀ နာရီ | လိုက်ဇစ် | - | မိန့်ဇ် | လိုက်ဇစ်** | ည ၈း၃၀ နာရီ | နာပိုလီ | - | ဖီအိုရင်တီးနား | ဖီအိုရင်တီးနား** |
| ည ၉း၃၀ နာရီ | ခရစ္စတယ်ပဲလေ့စ် | - | ဘုန်းမောက် | ခရစ္စတယ်ပဲလေ့စ်** | ည ၉း၀၀ နာရီ | ဟန်နိုဗာ | - | ဟော်ဖန်ဟိမ်း | ဟန်နိုဗာ* |
| ည ၁၂း၀၀ နာရီ | မိုချင်ဂလက်ဘတ် | - | ရှော်လ်ကေး | မိုချင်ဂလက်ဘတ်* | ည ၁၂း၀၀ နာရီ | လီဗန်တေး | - | ဘီလ်ဘာအို | ဘီလ်ဘာအို* |
| ည ၂း၁၅ နာရီ | ဗလင်စီယာ | - | ဆယ်လ်တာဗီဂို | ဗလင်စီယာ*** | ည ၂း၁၅ နာရီ | ဗီလာရီးရဲလ် | - | ဘာစီလိုနာ | ဗီလာရီးရဲလ်*** |

# UP & DOWN

တစ်ပါ(မန်း)ရွေးချယ်သည်

## အပေါ်ကြေးကြိုက် နှင့် အောက်ကြေးကြိုက်



### လိုက်ဇစ် Vs မိန့်ဇ်

လိုက်ဇစ်က ပြီးခဲ့တဲ့တစ်ပတ်မှာ ဟော်ဖန်ဟိမ်းကို ဂိုးပြတ်ရှုံးခဲ့လို့ ရလဒ်ကောင်းဖို့ အားစိုက်ရမယ့် အသင်းပါ။ သူတို့ရဲ့ ဒီရာသီအိမ်ကွင်းခြေစွမ်းပိုင်းက တည်ငြိမ်နေသလို တိုက်စစ်ပိုင်းကလည်း ပုံစံကောင်းပြထားနိုင်ပါတယ်။ ဘွန်ဒက်စ်လီဂါအိမ်ကွင်းနောက်ဆုံး ၅ ပွဲမှာ အနိမ့်ဆုံး ၂ ဂိုးသွင်း တဲ့ပွဲက ၄ ပွဲအထိရှိနေပါတယ်။

မိန့်ဇ်ကတော့ တန်းဆင်းဇုန်ကလွတ်ဖို့ ရုန်းကန်နေရတဲ့ အသင်းပါ။ အဝေးကွင်းနောက်ဆုံး ၅ ပွဲမှာ ဝုဖ်ဘတ်နဲ့ မိုချင်ဂလက်ဘတ်ကို သရေကစားနိုင်ပေမယ့် ဘိုင်ယန်မြူးနစ်၊ ရှော်လ်ကေးနဲ့ ဖရိုင်းဘတ်တို့ကိုတော့ ရှုံးနိမ့်ထားပါတယ်။ အသင်းကြီးတွေနဲ့ပွဲစဉ်တွေမှာ ကစားပုံမထိန်းနိုင်တာက သူတို့ရဲ့ အားနည်းတဲ့အချက်ပါပဲ။

လိုက်ဇစ်က ဒီပွဲမတိုင်ခင် ဘက်ဆစ်တပ်နဲ့ ချန်ပီယံလိဂ်ပွဲစဉ်ကစားခဲ့ရပေမယ့် ဘွန်ဒက်စ်လီဂါအိမ်ကွင်းနောက်ဆုံး ၄ ပွဲဆက် အနိုင်ရခဲ့တာကို ဆက်ပြီးထိန်းနိုင်ဖို့ ကြိုးစားမှာပါ။ အဝေးကွင်းမှာ ခြေစွမ်းပိုင်းမတည်ငြိမ်တဲ့ မိန့်ဇ်တို့ ဂိုးပြတ်ရှုံးသွားပါလိမ့်မယ်။

### ဗလင်စီယာ Vs ဆယ်လ်တာဗီဂို

ဗလင်စီယာက ပြီးခဲ့တဲ့တစ်ပတ်မှာ ဂီတာဖေးကို ရှုံးနိမ့်ခဲ့လို့ ဘာစီလိုနာနဲ့ အမှတ်ကပ်နိုင်မယ့် အခွင့်အရေးကို လက်လွှတ်ခဲ့ရပါတယ်။ သူတို့ဟာ ဒီရာသီမှာ အထူးခြေစွမ်းပြနေတဲ့ အသင်းဖြစ်ပြီး အိမ်ကွင်းခြေစွမ်းပိုင်းက အတော်လေးတည်ငြိမ်နေပါတယ်။ အိမ်ကွင်းပွဲစဉ် ၇ ပွဲမှာ အက်သလက်တီကိုနဲ့ပွဲကလွဲပြီး ပွဲတိုင်းဂိုးသွင်းထားနိုင်တဲ့ အသင်းပါ။

ဆယ်လ်တာဗီဂိုကတော့ နောက်ပိုင်းမှာ ကစားပုံပြန်ငြိမ်လာတဲ့ အသင်းဖြစ်ပါတယ်။ ဒါပေမဲ့ အဝေးကွင်းပွဲတွေမှာတော့ ဆယ်လ်တာဗီဂိုရဲ့ ခံစစ်မှတ်တမ်းက အားရစရာပုံစံမျိုးမဟုတ်ပါဘူး။ သူတို့ဟာ အဝေးကွင်းနောက်ဆုံး ၅ ပွဲမှာ ၄ ပွဲအထိ အနိမ့်ဆုံး ၂ ဂိုးနှုန်း ပေးထားရသလို လာလီဂါအဝေးကွင်းနောက်ဆုံး ၃ ပွဲဆက် နိုင်ပွဲပျောက်ထားပါတယ်။

ဆယ်လ်တာဗီဂိုက ဘာစီလိုနာလိုအသင်းကိုတောင် အဝေးကွင်းမှာ သရေခံကစားနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ အိမ်ကွင်းရှုန်းအားကောင်းတဲ့ အသင်းတွေနဲ့ဆို ဆယ်လ်တာဗီဂိုတို့ အခက်တွေ့ရလေ့ရှိပါတယ်။ နိုင်ပွဲပြန်ရှာရမယ့် ဗလင်စီယာကို ရွေးရမှာပါ။

| ပြီးခဲ့သည့်အပတ်ရွေးချယ်မှု၏ မှန်/မှားအနေအထား | | | | |
|---|---|---|---|---|
| ဆီဗီလာ | ၂ - ၀ | ဒီပိုတီဗို | ဆီဗီလာ | မှန် |
| ရှော်လ်ကေး | ၂ - ၂ | ကိုလုံး | ရှော်လ်ကေး | မှား |

### ဂျူဗင်တပ် Vs အင်တာမီလန်

စီးရီးအေအမှတ်ပေးဇယားအဆင့် ၃ နေရာရောက်နေတဲ့ ဂျူဗင်တပ်က ဒီပွဲကို နိုင်ခဲ့ရင် အဆင့် ၂ နေရာအထိ ရောက်လာမှာဖြစ်လို့ အားစိုက်ကစားပါလိမ့်မယ်။ ဒါပေမဲ့ စီးရီးအေမှာ ဂျူဗင်တပ်ရဲ့ခြေစွမ်းက တည်ငြိမ်မှု အားနည်းလာသလို ခံစစ်ကလည်း အိမ်ကွင်းနောက်ဆုံး ၄ ပွဲမှာ ဂိုးမပေးရတဲ့ပွဲ တစ်ပွဲသာရှိခဲ့ပါတယ်။

စီးရီးအေမှာ ရှုံးပွဲမရှိကစားနေပြီး အမှတ်ပေးဇယားထိပ်ဆုံးနေရာကို ရောက်နေတဲ့ အင်တာမီလန်ကတော့ အဝေးကွင်းပွဲတွေမှာလည်း ကစားပုံ မာကျောမှုကို ပြသထားပါတယ်၊ ဒီရာသီမှာ နာပိုလီ၊ ရိုးမားတို့ကို အဝေးကွင်းပွဲတွေသွားကစားထားပြီး ရိုးမားကို အနိုင်၊ နာပိုလီကို သရေကစားနိုင်ခဲ့တဲ့ အသင်းလည်းဖြစ်ပါတယ်။

ဂျူဗင်တပ်က လက်ရှိချန်ပီယံဂုဏ်ပုဒ်ကြောင့် အားစိုက်လာဖို့ရှိပေမယ့် သူတို့ခြေစွမ်းပိုင်းက အကောင်းဆုံးပုံစံမဟုတ်သေးပါဘူး။ အင်တာမီလန်ကတော့ ပွဲပန်းမှုလည်းမရှိလို့ အကောင်းဆုံးယှဉ်ပြိုင်နိုင်ပါလိမ့်မယ်။ အင်တာတို့ အနိမ့်ဆုံးသရေရဖို့ မခက်ပါဘူး။

### ဆောက်သမ်တန် Vs အာဆင်နယ်

အဆင့် ၁၀ နေရာကိုရောက်နေပြီး ရလဒ်ပိုင်းလည်းမငြိမ်တဲ့ ဆောက်သမ်တန်ဟာ အသင်းကြီးတွေနဲ့တွေ့ရင်တော့ ရုန်းကန်နေတာကို တွေ့ရပါတယ်။ ဒီရာသီအိမ်ကွင်းပွဲစဉ် ၈ ပွဲမှာ နိုင်ပွဲ ၃ ပွဲသာရထားလို့ အိမ်ကွင်းစွမ်းဆောင်ရည်ညံ့တယ်လို့ဆိုနိုင်ပေမယ့် တိုက်စစ်ပိုင်းကတော့ ဂိုးသွင်းအားရှိနေတာကို တွေ့ရပါတယ်။

အာဆင်နယ်ကတော့ ပြီးခဲ့တဲ့တစ်ပတ်မှာ မန်ယူကို ရှုံးခဲ့လို့ နိုင်ပွဲပြန်ရှာရမယ့် ဇိအားရှိနေပါတယ်။ ဒါပေမဲ့ ဒီရာသီမှာ အာဆင်နယ်ရဲ့ အဝေးကွင်းခြေစွမ်းက တည်ငြိမ်မှုမရှိပါဘူး။ အဝေးကွင်းပွဲစဉ် ၇ ပွဲ ကစားပြီးချိန်မှာ ၂ ပွဲသာ အနိုင်ရခဲ့သလို ၄ ပွဲရှုံးထားတဲ့ အသင်းလည်းဖြစ်ပါတယ်။ ကစားပုံမာတဲ့ အသင်းတွေနဲ့ဆို အာဆင်နယ် ရုန်းကန်ရတတ်ပါတယ်။

ဆောက်သမ်တန်က အသင်းကြီးတွေနဲ့ဆိုရင် ခံကစားလေ့ရှိတဲ့ ပုံစံကြောင့် အာဆင်နယ်ကိုလည်း အခက်တွေ့အောင်လုပ်ပါလိမ့်မယ်။ အာဆင်နယ်ကတော့ အဝေးကွင်းခြေစွမ်းမငြိမ်သလို ခံစစ်မှာလည်း ဒဏ်ရာပြဿနာတွေရှိနေလို့ သရေထက် မပိုနိုင်ပါဘူး။

| ပြီးခဲ့သည့်အပတ်ရွေးချယ်မှု၏ မှန်/မှားအနေအထား | | | | |
|---|---|---|---|---|
| မိန့်ဇ် | ၁ - ၃ | ဒော့မွန် | ဒော့မွန် | မှန် |
| ဆမ်ဒိုရီးယား | ၁ - ၂ | လာဇီယို | ဆမ်ဒိုရီးယား | မှား |

## စနေအကောင်းဆုံးပွဲ

### ဒေါ့မွန် - ဝါဒါဘရီမင်

ဒေါ့မွန်က နောက်ဆုံးကစားခဲ့တဲ့ ၄ ပွဲဆက်တိုက် နိုင်ပွဲပျောက်ထားပြီး ရလဒ်ကောင်းဖို့ ရုန်းကန်နေရတဲ့ အသင်းပါ။ တိုက်စစ်ပိုင်းက ဂိုးသွင်းအားရှိပေမယ့် ခံစစ်ပိုင်းကတော့ ပွဲတိုင်းဂိုးပေးနေရတဲ့ ပုံစံဖြစ်လို့ ရလဒ်ကောင်းဖို့ ရုန်းကန်နေရတာပဲဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ ချန်ပီယံလိဂ်က ထွက်လိုက်ရတဲ့ အခြေအနေကြောင့် ဒေါ့မွန်တို့ ပြည်တွင်းပြိုင်ပွဲဘက်ကို အာရုံစိုက်ရတော့မှာပါ။

ဝါဒါဘရီမင်ကတော့ တန်းဆင်းဇုန်ကလွတ်ဖို့ အားစိုက်ရုန်းကန်နေသလို ခြေစွမ်းပိုင်းလည်း တက်လာတာကို တွေ့ရပါတယ်။ ဒါပေမဲ့ နောက်ဆုံးကစားခဲ့တဲ့ ဘွန်ဒက်စ်လီဂါအဝေးကွင်း ၅ ပွဲဆက်တိုက်နိုင်ပွဲပျောက်ထားသလို တိုက်စစ်ပိုင်းကလည်း ဒီ ၅ ပွဲမှာ တစ်ဂိုးထက် ပိုပြီး မသွင်းနိုင်ခဲ့ပါဘူး။ အသင်းကြီးတွေနဲ့ဆို သူတို့ခံစစ်အားနည်းချက်က ပိုပြီးကြီးမားလာလေ့ရှိပါတယ်။

ဒေါ့မွန်က ဝါဒါဘရီမင်ကို အိမ်ကွင်းနောက်ဆုံး ၆ ပွဲဆက်တိုက် အနိုင်ရခဲ့ပေမယ့် တစ်ပွဲမှ ဂိုးပြတ်မနိုင်ခဲ့ပါဘူး။ လက်ရှိမှာလည်း ဝါဒါဘရီမင်က ရုန်းကန်နေလို့ အခက်အခဲတွေ့ရဖို့ရှိပါတယ်။ ဒါပေမဲ့ လိဂ်ပြိုင်ပွဲဘက်မှာ ရလဒ်ပြန်ကောင်းဖို့ အားကုန်ထုတ်ရတော့မှာဖြစ်လို့ ဒေါ့မွန်ရဲ့အနိုင်က ပြတ်သားသွားပါလိမ့်မယ်။



## တနင်္ဂနွေအကောင်းဆုံးပွဲ

### လီဗာပူး - အဲဗာတန်

လီဗာပူးက နောက်ပိုင်းကစားတဲ့ ပရီးမီးယားလိဂ်ပွဲတွေမှာ အမှားအယွင်းမရှိ ကစားနိုင်သလို တိုက်စစ်ပိုင်းကလည်း အတော်လေးကောင်းမွန်နေပါတယ်။ အိမ်ကွင်းနောက်ဆုံး ၅ ပွဲမှာ ဘန်လေ၊ မန်ယူနဲ့ ချဲလ်ဆီးတို့ကို သရေကျခဲ့ပေမယ့် ဟက်ဒါဖီးလ်နဲ့ ဆောက်သမ်တန်ကိုတော့ ဂိုးပြတ်နိုင်ထားပါတယ်။ ဒါကြောင့် ခံစစ်မာတဲ့အသင်းတွေကလွဲပြီး လီဗာပူးတို့ အမှားအယွင်းမရှိဘူးလို့ ဆိုရမှာပါ။

အဲဗာတန်ကတော့ နောက်ဆုံး ၂ ပွဲဆက်တိုက် ဂိုးပြတ်တွေနဲ့ အနိုင်ကစားထားပါတယ်။ ဆမ်အလာဒိုက်စ်လက်ထက်မှာ အဲဗာတန်ရဲ့ကစားပုံက ပြန်တက်လာတယ်လို့ ဆိုနိုင်ပါတယ်။ ဒါပေမဲ့ အဝေးကွင်းပွဲတွေမှာ သူတို့ရဲ့ခြေစွမ်း ပြန်ကောင်းလာဖို့ကတော့ အချိန်ယူရဦးမှာပါ။ ပရီးမီးယားလိဂ်အဝေးကွင်းနောက်ဆုံး ၅ ပွဲဆက်တိုက် နိုင်ပွဲပျောက်ထားပြီး ၃ ပွဲကို ဂိုးပြတ်ရှုံးထားတဲ့ အသင်းပါ။

လီဗာပူးက သူတို့ရဲ့ ပုံစံကောင်းကို ဆက်ထိန်းပြီး ဇိအားပေးကစားလာဖို့ရှိပါတယ်။ ဒါဘီပွဲဖြစ်လို့ ပြိုင်ဆိုင်မှုပြင်းထန်မှာဖြစ်ပေမယ့် အဲဗာတန်က ဒီပွဲမတိုင်ခင် ယူရိုပါလိဂ်ကစားထားရလို့ လီဗာပူးထက် ပိုပြီးပွဲပန်းနေဖို့လည်း ရှိပါတယ်။ အနိမ့်ဆုံး ၂ ဂိုးပြတ်ဖို့ လိုပေမယ့် လီဗာပူးကိုပဲ ကြိုက်ပါတယ်။

| ပြီးခဲ့သည့်အပတ်ရွေးချယ်မှု၏ မှန်/မှားအနေအထား | | | | |
|---|---|---|---|---|
| ဘိုင်ယန်မြူးနစ် | ၃ - ၁ | ဟန်နိုဗာ | ဘိုင်ယန်မြူးနစ် | မှန် |
| ဂီတာဖေး | ၁ - ၀ | ဗလင်စီယာ | ဗလင်စီယာ | မှား |

